ဖွန် (၁၇)

## "ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" (၁ယော ၁း၇)

**ဘုရား**သခင်သည် မောရှေအားဖြင့် "အပြစ်ကိုဖြေသောအရာမှာ အသွေး" ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ (ဝတ်ပြုရာကျမ်း ၁၇း၁၁) ၎င်းက ပညတ်တရားပင်ဖြစ်ပြီး ထို့ကြောင့်လည်း သခင်ယေရှုသည် မိမိတို့အတွက် အသေခံခဲ့သည်။ သခင်ယေရှုသည် ဘုရားသခင်၏ ယဇ်ပလ္လင်ဖြစ်သော လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့ကြောင်း ခရစ်ယာန်တိုင်းက ယုံကြည်ခဲ့သလို မိမိတို့ကယ်တင်ခြင်းအတွက် ယေရှုခရစ်တော်ကို ယုံကြည်ကြသည့် ဘုရားသခင်၏ သားသမီးတိုင်းကိုးစားခဲ့ကြသည်။ ယေရှုသည် အပြစ်အတွက် အဆုံးစွန်သော ပူဇော်သကာဖြစ်သည်။ သူသည် ဘုရားသခင်၏ အကြီးကျယ်ဆုံးသော သိုးသူငယ်ဖြစ်ပြီး မိမိတို့အပြစ်များမှ လွတ်ငြိမ်းခွင့်ရရန်အတွက် အသေခံရသည်။ မိမိတို့အပြစ်များအတွက် ပြစ်ဒဏ်ကိုသူ၏ ခန္ဓာကိုယ်ပေါ်တင်ဆောင်လျက် ကားတိုင်ပေါ်ခံစားခဲ့ရာ ဘုရားသခင်အတွက် ယင်းသည်အပြစ်အတွက် နောက်ဆုံးသွေးနှင့်ပူဇော်ရသည့် ပူဇော်သကာပင် ဖြစ်သည်။

မိမိတို့၏ကယ်တင်ခြင်းသည် ဘုရားသခင်ထံမှ လက်ဆောင်ပင်ဖြစ်သည်။ (ဧဖက် ၂း၈) သို့သော်လည်း ထိုအတွက် ယေရှုက ကြီးမားစွာ ပေးဆပ်ခဲ့ရသည်။ ယင်းက မိမိတို့၏ ကယ်တင်ခြင်းအတွက် မည်သူမဆိုပေးနိုင်မည့် အဖိုးအခများအနက် အမြင့်ဆုံးသော အဖိုးအခဖြစ်ပြီး ၎င်းကိုသခင်ယေရှုသာလျှင် ပြုလုပ်နိုင်ခဲ့သည်။ မိမိတို့အလုပ်ဖြင့် ကယ်တင်ခြင်းအတွက်ပေးရန် မည်မျှပင်ကြိုးစားစေကာမူ မည်မျှပင်ပူဇော်ခြင်းကို ပြုစေကာမူ ၎င်းကမဖြစ်နိုင်။ အဖိုးအခက မြင့်မားလွန်းလှသည်။ "မိမိသားတော်ရင်းကို မနှမြောဘဲ ငါတို့ရှိသမျှအဘို့အလို့ငှါ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေမည်နည်း။" (ရောမ ၈း၃၂)